# ဟေး။

# ဤနေရာတွင် မယ်ဒီကိတ် ပြန်လည်စီစစ်ခြင်းရှိမည်။



## အဓိပ္ပာယ်ကားမည်သို့နည်း။

ဂျော်ဂျီယာပြည်နယ်သည် မယ်ဒီကိတ်နှင့် PeachCare for Kids® ဆက်လက်ခံစားခွင့်ရခဲ့လျှင် အဖွဲ့ဝင်များ၏ အမှုတွဲတိုင်းကို စစ်ဆေးမည်။

## မည်သည့်အချိန်တွင် ဖြစ်မည်နည်း။

၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မေလအတွင်း အမှုတွဲတိုင်းကို ပြည်နယ်အနေဖြင့် ပြန်လည်သုံးသပ်လိမ့်မည်။

## ယခုချက်ချင်း ဘာလုပ်ရမည်နည်း။

gateway.ga.gov တွင် သင့်အားဆက်သွယ်ရန် အချက်အလက်များကို အတည်ပြုပြီး၊ သင့်အားပြန်လည်စီစစ်မည့် ရက်ကို စစ်ပြီးနောက် ညွှန်ကြားချက်များအတိုင်း စာ သို့မဟုတ် အီးမေးလ်တွင်ရှာပါ။

---

အကူအညီလိုပါသလား။ သင့်ကျန်းမာရေး ခံစားခွင့်ရရှိပြီးဖြစ်သည်။ မယ်ဒီကိတ်ပြန်လည်စီစစ်ခြင်းဆိုင်ရာ နောက်ထပ်အချက်အလက်များကို ပိုမိုသိလိုပါက staycovered.ga.gov တွင် ရှာဖွေပါ။ သို့မဟုတ် လူကိုယ်တိုင် အကူအညီရယူရန် သင့်ဒေသ မိသားစုနှင့် ကလေး ဝန်ဆောင်မှုဌာနခွဲရုံးသို့သွားပါ။ သက်ဆိုင်ရာပြည်နယ်ရုံး၏ တည်နေရာနှင့် ရုံးချိန်များကို dfcs.georgia.gov/locations တွင် ဝင်ရောက်ကြည့်ရှုဖွေနိုင်သည်။

ဤအချက်အလက်များကို ဖတ်ရန် သို့မဟုတ် ကျွန်ုပ်တို့နှင့် ဆက်သွယ်ရာတွင် အကူအညီလိုအပ်ပါက 1-877-GA-DHS-GO (1-877-423-4746) သို့ ခေါ်ဆိုပါ။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများတွင် စကားပြန်ခြင်းသည်လည်း အခမဲ့ဖြစ်သည်။ အကယ်၍ သင်သည် ဆွံ့အ၊ နားမကြား၊ နားပင်း၊ မျက်မမြင် သို့မဟုတ် စကားပြောရခက်နေပါက သင်သည် ကျွန်ုပ်တို့ထံ ၇၁၁ (Georgia Relay) ကို နှိပ်ပြီး၊ ခေါ်ဆိုနိုင်ပါသည်။

Stay Informed.
Stay Covered.

# မယ်ဒီကိတ် ပြန်လည်စီစစ်ခြင်း အကြောင်း။

Stay Informed. Stay Covered.

## ဥပဒေပြုရန် အဘယ်ကြောင့် အရေးကြီးသနည်း။

### သင့်ကျန်းမာရေးခံစားခွင့်ကို တာဝန်ခံရန်။

ကပ်ရောဂါကာလအတွင်း ဖယ်ဒရယ်အစိုးရသည် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေငြာခဲ့ပြီး၊ ဂျော်ဂျီယာ မယ်ဒီကိတ်နှင့် PeachCare for Kids® အဖွဲ့ဝင်များအား အကျိုးခံစားခွင့်များရနိုင်ရန် ၎င်းတို့၏ အရည်အချင်းပြည့်မီမှု ရှိ၊ မရှိကို ပြန်လည်စီစစ်ခြင်းမရှိပဲ ဆက်လက်ပေးထားသည်။

ပြန်လည်စီစစ်ချိန်အတွင်း မယ်ဒီကိတ်နှင့် PeachCare for Kids® အဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်အချက်အလက်များ ပေးပို့ခြင်းဖြင့် အချို့သောအဆင့်များကို ပြီးမြောက်စေရန် တောင်းဆိုနိုင်သည်။ ဤတောင်းဆိုမှုများနှင့်အတူ စာ သို့မဟုတ် အီးမေးလ်ရရှိသည့်အခါ အမြန်ဆုံး တုံ့ပြန်ရန် အလွန်အရေးကြီးသည်။

## ပထမအဆင့် ပြန်လည်စီစစ်ခြင်းဆိုသည်မှာ အဘယ်နည်း။

### သင့်အားပြန်လည်စီစစ်ရန် နောက်ဆုံးရက်မတိုင်မီ ၄၅ ရက်ခန့် အလိုတွင် သင်သည် စာ သို့မဟုတ် အီးမေးလ်တစ်စောင် လက်ခံရရှိမည်။

စာ သို့မဟုတ် အီးမေးလ်သည် သင့်အား ပြန်လည်စီစစ်ခြင်းကို စတင်နေပြီဖြစ်ကြောင်း၊ နောက်ဆုံးရက်မတိုင်မီ သင်၏စာရွက်စာတမ်းများကို အပ်ဒိတ်လုပ်ရန် သို့မဟုတ် အွန်လိုင်းမှ တင်ရန်အတွက် လမ်းညွှန်ချက်များ ပေးထားသည်။ သင့်လစာ သို့မဟုတ် အခြားလိုအပ်သည့် စာရွက်စာတမ်းများကို တွဲတင်ရန် လိုအပ်သည်ဟု ဆိုလိုသည်။

သင့်ခံစားခွင့်တွင် ဖြစ်နိုင်ချေရှိသော ကွာဟမှုကို ရှောင်ရှားနိုင်ရန် သင့်စာတွင် ဖော်ပြထားသောအဆင့်များကို တတ်နိုင်သမျှ အမြန်ဆုံး အပြီးသတ်ရန် လိုအပ်သည်။ နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ ၁၅ ရက်ခန့်တွင် သတိပေးချက်ကိုလည်း သင်လက်ခံရရှိလိမ့်မည်။ gateway.ga.gov ရှိ သင့်အကောင့်တွင် ဝင်ရောက်ခြင်းဖြင့် သင့်အား ပြန်လည်စီစစ်မည့်ရက်ကို သင်ရှာတွေ့နိုင်သည်။

စောစီးစွာ သက်တမ်းတိုး၍ မရနိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။ သင့်အား ပြန်လည်စီစစ်မည့်စာကို လက်ခံရရှိသည်အထိ စောင့်ရမည်။

## ယနေ့တွင် စတင်လိုက်ပါ။

- staycovered.ga.gov သို့ ဝင်ရောက်ပြီး၊ သင့်အားဆက်သွယ်နိုင်သည့် အချက်အလက်များကို အတည်ပြုပေးရန်နှင့် သင့်ကျန်းမာရေးစောင့်ရှောက်မှုကို ထိန်းထားရမည်။
- အပ်ဒိတ်လုပ်ထားသော ဆက်သွယ်မည့် အချက်အလက်များကို အွန်လိုင်းတွင် ဖြည့်ပြီးနောက် သင်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် သတိပေးချက်များကို လက်ခံရရှိနိုင်ပါသည်။

ပြန်လည်စီစစ်ခြင်းလုပ်ငန်းစဉ်သည် မယ်ဒီကိတ် သို့မဟုတ် အခြားရနိုင်သည့် ခံစားခွင့်များအတွက် မည်သူမဆို အရည်အချင်းပြည့်မီခြင်း ရှိ၊ မရှိ အာမခံချက်မရှိပါ။